# စစ်ကိုင်းမြို့၌ အမျိုးသားရေးတွေ့ဆုံရှင်းလင်း





ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအင်အားစုများ၏ အမျိုးသားရေးလှုပ်ရှားမှုများနှင့် ပတ်သက်၍ ရှင်းလင်းပွဲတစ်ရပ်ကို ၂၀၀၇ခုနှစ်၊ ဇွန်လ (၄)ရက်နေ့ နံနက် ၈း၃၀နာရီက စစ်ကိုင်းမြို့ ရတနာဗိမာန်ရွှေကျောင်းတော်၌ ကျင်းပရာ အမျိုးသားနိုင်ငံရေးအင်အားစုများမှ ခေါင်းဆောင်များ၊ ပြည်တွင်းဂျာနယ်များမှ အယ်ဒီတာချုပ်၊ အယ်ဒီတာနှင့် သတင်းထောက်များ၊ စစ်ကိုင်းမြို့မှ မြို့မိမြို့ဖများ၊ ဖိတ်ကြားထားသူများနှင့် စိတ်ပါဝင်စားသူ စုစုပေါင်းအင်အား (၅၀၀)ခန့် တက်ရောက်ခဲ့ကြပါသည်။ ရှေးဦးစွာ အခမ်းအနားမှူးဖြစ်သူ ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)မှ ကိုသန်းဦးက အခမ်းအနားဖွင့်လှစ်ကြောင်း ကြေငြာပြီး တက်ရောက်လာကြသော ပရိသတ်များနှင့် အမျိုးသားနိုင်ငံရေး အင်အားစုများမှ ခေါင်းဆောင်များကို တစ်ဦးချင်းမိတ်ဆက်ပေးသည်။



ဆက်လက်၍အခမ်းအနားကျင်းပရခြင်းနှင့်ပတ်သက်၍ ''အထက်မြန်မာပြည်''တာဝန်ခံဦးလှမြင့်က အသေးစိတ်ရှင်းလင်းတင်ပြပြီး ဝံသာနု NLD (ပြည်ထောင်စုမြန်မာနိုင်ငံ) ဒေါက်တာစိုးလင်း၊ အမျိုးသားနိုင်ငံရေး လူငယ် NLD (မြန်မာနိုင်ငံ)မှ ကိုဝင်းဇော်၊ မန္တလေးတိုင်း နုတ်ထွက် NLD များကိုယ်စား ဒေါ်နန်းရွှေကြာ၊ ၈၈ မျိုးဆက် ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)မှ အမျိုးသားရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ကိုရဲထွန်း၊ ခေတ်သစ်သိပ္ပံနိုင်ငံရေး ဘောဂဗေဒ လေ့လာရေး ကျောင်းတော်သားစုမှ ဦးလှသိန်း၊ နိုင်ငံရေးဘောဂဗေဒလေ့လာရေး မျိုးဆက်သစ်ကျောင်းတော်သားစုမှ ဦးခင်မောင်ဦး၊ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး သုတေသနနှင့် တိုးချဲ့ထုတ်လုပ်မှုကျောင်းတော်သားစုမှဦးလှမြင့်၊ အမျိုးသားညီလာခံကိုယ်စားလှယ်နှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်အဖွဲ့မှ ဦးကြည်ဝင်း၊ ဒီမို NLD (စစ်ကိုင်းတိုင်း)မှ ဦးဘိုမောင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအင်အားစုများ ပူးတွဲလုပ်ငန်းကော်မတီ၊ အောက်မြန်မာပြည်တာဝန်ခံ ကိုအေးလွင်တို့က မိမိတို့တာဝန်ယူလှုပ်ရှားနေကြသော



စီးပွားရေးပိတ်ဆို့မှု ဆန့်ကျင်ရေး အမျိုးသားလှုပ်ရှားမှု (၂၀၀၇)နှင့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးအမျိုးသားရေးလှုပ်ရှားမှု (၂၀၀၇)တို့နှင့် ပတ်သက်၍ အသေးစိတ်ရှင်းလင်းပြောကြားကြသည်။



ထို့နောက်တက်ရောက်လာကြသည့် မြို့မိမြို့ဖများ၊ ပြည်တွင်းဂျာနယ်များမှ အယ်ဒီတာချုပ်၊ အယ်ဒီတာနှင့် သတင်းထောက်များ၏ သိရှိလိုသမျှမေးမြန်းချက်များကို အသေးစိတ်ပြန်လည်ရှင်းလင်းပြောကြားပြီး အခမ်းအနားကိုနေ့လည် ၁၃း၀၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ကြကြောင်းသိရသည်။